ပြည်ထောင်စုလွှတ်တော်ရုံး
သုတေသနဌာန

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်

# ဂျာမနီနိုင်ငံဆိုင်ရာ အကြောင်းအရာများ

**အကျဉ်းချုပ်**

ပြည်နယ် ၁၆ ခုဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသည် အုပ်ချုပ်ရေးအာဏာကို ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား ခွဲဝေကျင့်သုံးသည့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံဖြစ်ပြီး ဥပဒေပြုရေးတွင် လွှတ်တော်နှစ်ရပ်စနစ်ကိုကျင့်သုံးပါသည်။ နိုင်ငံတော်အကြီးအကဲမှာ နိုင်ငံတော်သမ္မတဖြစ်ပြီး အုပ်ချုပ်ရေးတွင် အခွင့်အာဏာအရှိဆုံးသူမှာ ဝန်ကြီးချုပ်ဖြစ်သည်။

ဂျာမနီနိုင်ငံတွင် ရွေးကောက်ပွဲကို လေးနှစ်တစ်ကြိမ် ကျင်းပလေ့ရှိပြီး ဂျာမနီရွေးကောက်ပွဲစနစ်အရ ပါတီတစ်ခုတည်းမှ ကိုယ်ပိုင်အစိုးရဖွဲ့နိုင်ရန် အလွန်ခက်ခဲသည်။ မဲပေးပိုင်ခွင့်ရှိသူတစ်ဦးအနေဖြင့် ကိုယ်စားလှယ်ကို ရွေးချယ်သည့်ဆန္ဒမဲနှင့် ပါတီကိုရွေးချယ်သည့် ဆန္ဒမဲဟူ၍ ဆန္ဒမဲနှစ်မဲ ထည့်သွင်းရသည်။

ဥပဒေကြမ်းတင်သွင်းမှုတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ တင်သွင်းသည့်ဥပဒေကြမ်းမှာ ဥပဒေကြမ်းအားလုံး၏ ၈၅ ရာခိုင်နှုန်းရှိပြီး ကျန် ၁၅ ရာခိုင်နှုန်းကို အထက်လွှတ်တော်မှ တင်သွင်းသည်။

သုတေသနစာတမ်းတိုအမှတ် (၃၇)

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နောက်ခံသမိုင်းအကျဉ်း | ၁ |
| ၂ | ဖက်ဒရယ်စနစ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ | ၂ |
| ၃ | ဂျာမနီနိုင်ငံ၏အထွေထွေရွေးကောက်ပွဲ | ၄ |
| ၄ | နိုင်ငံရေးပါတီများ | ၇ |
| ၅ | ဂျာမနီနိုင်ငံသမ္မတရွေးကောက်တင်မြှောက်ခြင်း | ၉ |
| ၆ | ဂျာမနီဝန်ကြီးချုပ်ရွေးကောက်တင်မြှောက်ခြင်း | ၁၂ |
| ၇ | လက်ရှိအစိုးရဖွဲ့စည်းထားရှိမှု | ၁၅ |
| ၈ | ဂျာမနီနိုင်ငံ၏ တရားစီရင်ရေး | ၁၇ |
| ၉ | ဥပဒေပြုပါလီမန် | ၁၇ |
| ၁၀ | ဥပဒေပြုလုပ်ငန်းစဉ်အဆင့်ဆင့် | ၁၉ |

## ဂျာမနီနိုင်ငံဆိုင်ရာ အကြောင်းအရာများ

## အခန်း(၁)

## နောက်ခံသမိုင်းအကျဉ်း

၁။ ဂျာမနီနိုင်ငံသည် ၁၉၃၉ ခုနှစ်တွင် ပိုလန်နိုင်ငံကို စတင်တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်း ဒုတိယကမ္ဘာစစ်တွင်ပါဝင်လာခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် စစ်ရှုံးခဲ့သည့်အတွက် ဂျာမနီနိုင်ငံသည် ခြွင်းချက်မရှိလက်နက်ချခဲ့ရပြီး နိုင်ငံအား နှစ်ပိုင်းခွဲကာ အုပ်ချုပ်ခြင်းခံခဲ့ရသည်။ ပြည်နယ် ၁၁ ခုပါဝင်သော ဂျာမနီနိုင်ငံ အနောက်ပိုင်းကို Federal Republic of Germany (FRG) အဖြစ် ဖွဲ့စည်းခဲ့ပြီး ပြည်နယ် ၅ ခု ပါဝင်သော ဂျာမနီနိုင်ငံ အရှေ့ပိုင်းကို German Democratic Republic (GDR) အဖြစ် ဖွဲ့စည်းအုပ်ချုပ်ခဲ့သည်။

၂။ ၁၉၆၁ ခုနှစ်၌ အရှေ့နှင့်အနောက်ဂျာမနီ နှစ်နိုင်ငံအား ပိုင်းခြားထားသည့် ဘာလင်တံတိုင်းကြီးကို တည်ဆောက်ခဲ့သည်။ ဂျာမနီနိုင်ငံ သမိုင်းတွင် ၉-၁၁-၁၉၈၉ ရက်နေ့ကို အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီ နှစ်နိုင်ငံတို့အား ပိုင်းခြားထားသော ဘာလင်တံတိုင်းကြီး ပြိုကွဲသည့်နေ့အဖြစ် သတ်မှတ်ထားပါသည်။ ယင်းသို့ ဘာလင်တံတိုင်းကြီးပြိုကွဲပြီးနောက် ၃-၁၀-၁၉၉၀ ရက်နေ့တွင် အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီတို့ ပြန်လည်ပေါင်းစည်းခဲ့သည်။ နှစ်စဉ် အောက်တိုဘာလ (၃) ရက်နေ့ကို ဂျာမနီပြန်လည်ပေါင်းစည်းရေးနေ့ (Day of Germany Unity ) အဖြစ်သတ်မှတ်ခဲ့သည်။

၃။ ဂျာမနီနိုင်ငံသည် ဥရောပသမဂ္ဂအဖွဲ့ဝင် (EU) နိုင်ငံများထဲ၌လည်း လူဦးရေ အများဆုံးနိုင်ငံဖြစ်ပါသည်။ နိုင်ငံရေးစနစ်အရ ဥပဒေပြုရေး (Legislation) အပိုင်းတွင် လွှတ်တော်နှစ်ရပ်ရှိပါသည်။ Bundestag (အောက်လွှတ်တော်)နှင့် Bundesrat (အထက်လွှတ်တော်)တို့ ပါဝင်ပါသည်။ နိုင်ငံအဆောက်အအုံအားဖြင့် ပြည်နယ် (၁၆) ခုရှိသော ပြည်ထောင်စုသမ္မတနိုင်ငံဖြစ်ပြီး၊ ပြည်နယ်တိုင်းတွင် ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပါလီမန်နှင့် အစိုးရတို့ရှိပါသည်။[1] ဂျာမနီနိုင်ငံ၌ ဖက်ဒရယ်ပါလီမန်ဒီမိုကရေစီစနစ် ကျင့်သုံးပြီး၊ နိုင်ငံရေးပါတီများသည် ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုသော အထူးအဆင့်အတန်းကို ခံစားခွင့်ရှိပါသည်။ ဘဏ္ဍာရေးထောက်ပံ့မှုများလည်းရှိပြီး၊ ၎င်းတို့ကို ပြည်ထောင်စု ဖွဲ့စည်းပုံ ဥပဒေဆိုင်ရာတရားရုံးကသာလျှင် ပိတ်ပင်ခွင့်ရှိပါသည်။

[1] Germany, Government, available from; http://www.infoplease.com/encyclopedia/world/germany-government.html, (viewed 3rd November 2015).

## အခန်း (၂)
## ဖက်ဒရယ်စနစ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ

၄။ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသည် ဖက်ဒရယ်အစိုးရ (ဗဟိုအစိုးရ) နှင့် ပြည်နယ်အစိုးရ (၁၆) ခုတို့ ပါဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုဖွဲ့စည်းပုံ ဖြစ်ပါသည်။ အာဏာများကို ဗဟိုအစိုးရ နှင့် ပြည်နယ်အစိုးရများအကြား ခွဲဝေကျင့်သုံးသည်။ ဂျာမန်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထောင်စု အဆင့်တွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို ပိုင်းခြား ကျင့်သုံးသည်။

၅။ အုပ်ချုပ်ရေးတွင် အခွင့်အာဏာအရှိဆုံးမှာ နိုင်ငံတော်အကြီးအကဲအဖြစ် ဆောင်ရွက်သော ဝန်ကြီးချုပ် (Federal Chancellor) ဖြစ်ပြီး ဗဟိုအစိုးရကို ထိန်းချုပ်ခြင်း၊ ဝန်ကြီးများခန့်အပ်ခြင်း တို့ကို ဆောင်ရွက်သည်။[2]

၆။ ပြည်နယ်အစိုးရတစ်ခုသည် ၎င်းပြည်နယ်၏ အုပ်ချုပ်မှုဆိုင်ရာဥပဒေများအား ပြဋ္ဌာန်းကျင့်သုံး ပါသည်။ ပြည်နယ်အစိုးရများသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိသည့် ပြည်နယ်များ အသွင်ဖြင့် ဂျာမနီ ပြည်ထောင်စုတွင် ဖွဲ့စည်းပါဝင်ပါသည်။ ပြည်နယ်အစိုးရတစ်ဖွဲ့ချင်းစီသည် အဆင့်မြင့်ပညာရေး၊ ပြည်တွင်းလုံခြုံရေးနှင့် ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်သည့် အစိုးရအစရှိသည့် ကဏ္ဍများတွင် ကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့်ရှိပါသည်။ ထို့ပြင် ပြည်နယ်အစိုးရများသည် ဂျာမနီ အထက်လွှတ်တော်တွင်ပါဝင်ခွင့် ရရှိပြီး၊ ဗဟိုအစိုးရသည် ဥပဒေပြုမှုအပိုင်းတွင် တာဝန်ယူဆုံးဖြတ်ပါသည်။[3]

၇။ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံသည် ဒီမိုကရေစီကို စစ်မှန်သောပါတီစုံစနစ်ဖြင့် ကျင့်သုံးနေကြောင်း နိုင်ငံရေးသိပ္ပံလေ့လာသူများအကြား အသိအမှတ်ပြုမှုများရှိလေသည်။ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အနောက်ဂျာမနီ၌ ၁၉၄၉ ခုနှစ်၊ မေလတွင် လွှတ်တော်ကိုယ်စားလှယ် ၃ပုံ ၂ ပုံကျော်၏ ထောက်ခံဆန္ဒမဲဖြင့် ထောက်ခံအတည်ပြုခဲ့သည့် ဥပဒေဖြစ်ပါသည်။[4] ၁၉၉၀ ပြည့်နှစ်၊ ဂျာမနီနှစ်နိုင်ငံ ပေါင်းစည်းပြီးနောက် အဆိုပါအခြေခံဥပဒေကိုပင် ပေါင်းစည်းသည့် ဂျာမနီနိုင်ငံ၏

---

[2] Germany Legal Research Guide, Government and Political Structure, University of Wisconsin- Madison, available from; http://law.wisc.libguides.com/germany (viewed 4th November 2015)

[3] Facts About Germany, The Federal Structure, available from; http://www.tatsachen-ueber-deutschland.de/en/political-system/main-content-04/the-federal-structure.html (viewed 4th November 2015)

[4] Basic Law of the Federal Republic of Germany (1949/ Amendments 1956), German History in Documents and Images (GHDI), available from; http://germanhistorydocs.ghi-dc.org/ sub_document. cfm? document_id =2858 (viewed 18 November 2015)

ဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် ပြဋ္ဌာန်းသတ်မှတ်ခဲ့ပါသည်။[5] အဆိုပါဖွဲ့စည်းပုံ အခြေခံဥပဒေအား အကြိမ် ၅၀ ကျော် ပြင်ဆင်ခဲ့ပြီး [6] နောက်ဆုံးပြင်ဆင်ခဲ့သည့်ရက်မှာ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် ဖြစ်ပါသည်။[7]

၈။ အခြေခံဥပဒေသည် ဖွဲ့စည်းပုံဥပဒေဆိုင်ရာ ဥပဒေပြုမှုလုပ်ငန်းစဉ်နှင့် ဆက်စပ်လျက်ရှိပြီး၊ အဆိုပါ ဥပဒေပြုလုပ်ငန်းစဉ်များအား အုပ်ချုပ်မှုအဖွဲ့အစည်းမှ လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ လူ့ဂုဏ်သိက္ခာအား လေးစားခြင်းသည် ဖွဲ့စည်းပုံဥပဒေ၏ အရေးကြီးဆုံးအပိုင်းဖြစ်ပြီး၊ ဥပဒေနှင့်အညီ လုပ်ဆောင်ခြင်း၊ အားလုံးသာတူညီမျှရှိခြင်း၊ အဖွဲ့အစည်းများ၊ သတင်းများနှင့် မီဒီယာများအား လွတ်လပ်ခွင့်ပြုခြင်းစသည့် အခြေခံအခွင့်အရေးများကို ဥပဒေအတိုင်းရရှိစေရမည် ဖြစ်သည်။ အခြေခံဥပဒေသည် အစိုးရကဲ့သို့သော အထူးအဖွဲ့အစည်းများမှတစ်ဆင့် ပြည်သူလူထုက အာဏာကို ကျင့်သုံးသော ကိုယ်စားပြုဒီမိုကရေစီ (Representative Democracy) စနစ်ဖြင့် အုပ်ချုပ်စေသည်။[8] စစ်မှန်သော ပါတီစုံစနစ်ရရှိစေရန်အတွက် ၎င်း၏နိုင်ငံရေးစနစ်က လိုအပ်သော စီမံမှုနှင့် ပြဋ္ဌာန်းမှုများပြုလုပ်ထားသည်။ အထူးသဖြင့် ရွေးချယ်တင်မြှောက်ပုံစနစ်မှာ အဓိပ္ပါယ်ရှိသော ပါတီစုံစနစ်ဖြစ်ရန် ကျောထောက်နောက်ခံပြုပေးထားသည်။

၉။ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသည် ပြည်နယ်များဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံဖြစ်ပြီး၊ ပြည်နယ်အာဏာပိုင်များသည် တရားစီရင်ပိုင်ခွင့်အာဏာရှိပါသည်။ အာဏာပိုင်များအား ဗဟိုအစိုးရနှင့် ပြည်နယ်များ ကိုယ်စားပြုအစိုးရဟူ၍ ခွဲခြားသတ်မှတ်ထားပါသည်။ အခြေခံဥပဒေတွင် ဂျာမနီနိုင်ငံသားများ၏ လူမှုစီးပွားရေးကိစ္စရပ်များအား အာမခံချက်ပေးနိုင်သည့် နိုင်ငံရေးစနစ်အဖြစ် ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ အခြေခံဥပဒေပါအချက်များအား ပြင်ဆင်ခြင်း (သို့မဟုတ်) အသစ်ရေးဆွဲခြင်း ပြုလုပ်ပါက နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများ၊ အချုပ်အခြာအာဏာ၊ ဒီမိုကရေစီအရေးနှင့် ပြည်နယ်အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရန် ပြဋ္ဌာန်းထားသည်။

---

[5] Facts About Germany, The State, the Legal system and the citizen, available from; http://www.tatsachen-ueber-deutschland.de (viewed 4th November 2015)

[6] Gunlick, Arthur B. (2003), The Lander and German Federalism, Manchester University Press, P-146, available from; http://www.manchesteruniversitypress.co.uk (viewed 18 November 2015)

[7] German Constitution, available from; http://www.servat.unibe.ch/icl/gm00000_.html (viewed 17 November 2015)

[8] Facts About Germany, The Basic Law, available from; http://www.tatsachen-ueber-deutschland.de/en/political-system/main-content-04/the-basic-law.html (viewed 4th November 2015)

## အခန်း (၃)

## ဂျာမနီနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲ

၁၀။ ဂျာမနီနိုင်ငံ၏ရွေးကောက်ပွဲစနစ်သည် ပါတီတစ်ခုတည်းက ကိုယ်ပိုင်အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရန် အလွန်ခက်ခဲသော စနစ်ဖြစ်သည်။ ပါတီတစ်ခုတည်းက ကိုယ်ပိုင်အစိုးရဖွဲ့စည်းခြင်းသည် ၅၆ နှစ်အတွင်း တစ်ကြိမ်သာရှိခဲ့သည်။ ပါတီများပေါင်းစည်းဆောင်ရွက်ခြင်းသည် အခြေခံစည်းမျဉ်းတစ်ခု ဖြစ်သည်။[9] ဂျာမနီနိုင်ငံတွင် ရွေးကောက်ပွဲအား ၄ နှစ် တစ်ကြိမ်ကျင်းပလေ့ရှိသည်။ ရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားတိုင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ဂျာမနီနိုင်ငံ၏ အခြေခံဥပဒေအရ လွှတ်တော် ကိုယ်စားလှယ်များကို မဲပေးခွင့်ရှိသူများမှ လွတ်လပ်သော၊ တန်းတူညီမျှဖြစ်သော၊ လျှို့ဝှက်သော ရွေးကောက်ပွဲမှ တဆင့် ရွေးချယ်သည်။[10]

၁၁။ မဲပေးပိုင်ခွင့်ရှိသူတစ်ဦးချင်းစီသည် ဂျာမန်အောက်လွှတ်တော် (Bundestag) အတွက် မဲနှစ်မဲ ထည့်သွင်းရမည်ဖြစ်သည်။ တစ်မဲမှာ မိမိတို့ကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်အား ဒေသကိုယ်စားပြု ဆုံးဖြတ်ပေးခြင်းဖြစ်ပြီး ကျန်တစ်မဲမှာ ပါတီအား ရွေးချယ်ပေးရသည့် မဲဖြစ်သည်။ အောက်လွှတ်တော်တွင် ကိုယ်စားလှယ်ဦးရေ အနည်းဆုံး ၅၉၈ ဦးသတ်မှတ်ထားပြီး၊ ၎င်းတို့ကို ရွေးကောက်ပွဲစနစ်နှစ်ခု အသုံးပြု၍ ရွေးကောက်တင်မြှောက်သည်။ ပထမစနစ်သည် (Fast Past the Post) ဟုခေါ်သော အနိုင်ရသူအကုန်ယူသောစနစ်ဖြင့် မဲဆန္ဒနယ်မြေ ၂၉၉ ခုမှ ကိုယ်စားလှယ်လောင်း ၂၉၉ ဦးအား တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။ ကျန်ကိုယ်စားလှယ် ပေါင်း ၂၉၉ ဦးအား ဒုတိယစနစ် ဖြစ်သည့် (Proportional Representation) အချိုးကျကိုယ်စားပြုစနစ်ဖြင့် ပါတီများ၏ အနိုင်ရသည့် ရာခိုင်နှုန်းပေါ်တွင်အခြေခံကာ အချိုးကျရွေးချယ်သည်။ အထူးသတ်မှတ်ချက်မှာ ရွေးကောက်ပွဲတွင် ပါတီများမှ အနည်းဆုံး ထောက်ခံဆန္ဒမဲ ၅% ရရှိမှသာ လွှတ်တော်အတွင်း ကိုယ်စားပြုပါဝင်ခွင့် ရရှိနိုင်မည်ဖြစ်သည်။[11]

၁၂။ မဲရေတွက်ရာတွင် အဆင့်နှစ်ဆင့်ဖြင့် ရေတွက်သည်။ ပထမအဆင့်တွင် ဂျာမနီတစ်နိုင်ငံလုံး ၏ မဲပေးပိုင်ခွင့်ရှိသူဦးရေ အချိုးအစားအရ ပြည်နယ်တစ်ခုချင်းစီအလိုက် ရရှိနိုင်သည့် လွှတ်တော်တွင်း ကိုယ်စားပြုနေရာများကို တွက်ချက်သည်။ အဆိုပါ နေရာ အရေအတွက်အတိုင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီ တစ်ခုချင်းအလိုက် ပြည်နယ်တစ်ခုချင်းစီတွင် ရရှိနိုင်မည့် ကိုယ်စားလှယ်အရေအတွက်ကို

---

[9] Facts About Germany, The Electoral system, available from; https://www.tatsachen-ueber-deutschland.de/en/background/129?hash=background-page-1 (viewed 4th November 2015)

[10] Deutsher bundestage, Election: Election of Members and the allocation of seats, available from: https://www.bundestag.de/htdocs_e/bundestag/elections/arithmetic (viewed on 14 December 2015)

[11] Ibid

အချိုးကျကိုယ်စားပြုစနစ် (PR system) ဖြင့် ရရှိသောမဲအချိုးအစားအတိုင်း တွက်ချက်သည်။ ထို့နောက် ဖယ်ဒရယ်အဆင့် ပါတီတစ်ခုချင်းစီရရှိမည့် အနည်းဆုံး ကိုယ်စားလှယ်အရေအတွက်ကို တွက်ချက်ဆုံးဖြတ်သည်။

၁၃။ ထိုသို့ ဆုံးဖြတ်ရာတွင် မဲဆန္ဒနယ်တစ်ခုချင်းအလိုက် ပထမတိုက်ရိုက်မဲမှ အနိုင်ရရှိသည့် ကိုယ်စားလှယ် အရေအတွက်နှင့် ဒုတိယအချိုးကျမဲမှ ပါတီမှရရှိမည့် ကိုယ်စားလှယ် အရေအတွက်များကို အခြေခံကာ တွက်ချက်သည်။[12]

၁၄။ အောက်လွှတ်တော်တွင် အနည်းဆုံး ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၉၈ ဦးဟု သတ်မှတ်ထားသော်လည်း အချို့သောအခြေအနေများတွင် "overhang seats" နှင့် "balance seats" ဟုခေါ်သော နောက်ထက်အပိုနေရာများကြောင့် ကိုယ်စားလှယ်အရေအတွက်သည် သတ်မှတ်ထားသည်ထက် ပိုများတတ်သည်။ ဥပမာ-[13] တစ်ခါတစ်ရံတွင် အချို့သောပါတီများမှ တိုက်ရိုက်ရွေးကောက်ရာတွင်ရရှိသည့် ကိုယ်စားလှယ်များအရေအတွက်သည် ဒုတိယရွေးချယ်မှုဖြစ်သည့် အချိုးကျရွေးကောက်မှုအရ ပါတီမှရရှိသင့်သည့် ကိုယ်စားလှယ်အရေအတွက်ထက် များပြားနေသော အခြေအနေများရှိပါသည်။ ထိုအခြေအနေကို “overhang seats” အုပ်မိုးနေရာများ ရရှိသည်ဟု ခေါ်သည်။ ထိုအခါ ပါတီသည် ၎င်းတို့ရရှိသည့် ပထမတိုက်ရိုက်မဲမှ အရေအတွက်အတိုင်း လွှတ်တော်တွင် ကိုယ်စားပြုပါဝင်ခွင့်ရရှိမည်ဖြစ်သည်။[14] ထို့အပြင် ဒုတိယအချိုးကျမဲမှ ပါတီများ ရရှိသည့် ကိုယ်စားလှယ် အရေအတွက်များအတိုင်း လွှတ်တော်တွင် နေရာရရှိစေရန်နှင့် မည်သည့်ပါတီမှ ၎င်းတို့ အနည်းဆုံးရရှိရမည့် နေရာထက် နည်းပါးစွာ ရရှိခြင်းမရှိစေရေးအတွက် "Balance seats" (ခေါ်) အချိုးအစားညီအောင် ညှိသောနေရာဟူ၍ ဖန်တီးထားသည်။ အထက်ဖော်ပြပါ စနစ်များကြောင့် လက်ရှိဂျာမနီနိုင်ငံ၏ အောက်လွှတ်တော်တွင် ကိုယ်စားလှယ်ပေါင်း ၆၃၀ ဦး ရှိပါသည်။[15]

၁၅။ အထက်လွှတ်တော် (Bundesrat) ကိုယ်စားလှယ်များကို ပြည်နယ် ၁၆ ပြည်နယ်၏ အစိုးရများက ရွေးချယ်ခန့်အပ်သည်။ လွှတ်တော်ကိုယ်စားလှယ်များကို ပြည်နယ်အစိုးရများက ခန့်အပ်နိုင်သကဲ့သို့ တာဝန်မှပြန်လည်ရုတ်သိမ်းခြင်းကိုလည်း ဆောင်ရွက်နိုင်သည်။ ပြည်နယ် (Lander) တစ်ခုစီတွင် အနည်းဆုံး ကိုယ်စားလှယ် ၃ ဦးကို မဲပေးရွေးချယ်နိုင်သည်။ လူဦးရေ ၂သန်းကျော်သော ပြည်နယ်များတွင် ၄ ဦး၊ လူဦးရေ ၆ သန်းကျော်သော ပြည်နယ်များတွင် ၅ ဦးနှင့်

---

[12] Ibid

[13] Deutsher bundestage, Election: Election of Members and the allocation of seats, available from: https://www.bundestag.de/htdocs_e/bundestag/elections/arithmetic (viewed on 14 December 2015)

[14] Ibid

[15] Ibid

လူဦးရေ ၇ သန်းအထက် ပြည်နယ်များတွင် ၆ ဦးအထိ မဲပေးရွေးချယ်နိုင်သည်။ အထက်လွှတ်တော်တွင် အဖွဲ့ဝင် ၆၉ ဦးရှိသည်။ ဖက်ဒရယ်ပြည်ထောင်စု၏ ဥပဒေကြမ်း ၃၅ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအတွက် အထက်လွှတ်တော်၏ အတည်ပြုချက်လိုအပ်သည်။ အထက်လွှတ်တော်ကိုယ်စားလှယ်များသည် အောက်လွှတ်တော်ကိုယ်စားလှယ်များကဲသို့ တိုက်ရိုက် ရွေးချယ်တင်မြှောက်ခံရသူများ မဟုတ်ပေ။[16]

## ၂၀၁၃ခုနှစ် ရွေးကောက်ပွဲရလာဒ်များ

၁၆။ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့သော ရွေးကောက်ပွဲတွင် ၁၈ ကြိမ်မြောက် အောက်လွှတ်တော် (Bundestag) ၏ ကိုယ်စားလှယ် (၆၃၀) ဦးအား အဆုံးအဖြတ်ပြု ရွေးချယ်ပေးခဲ့ပါသည်။ Christian Democratic Union/ Christian Social Union (CDU/CSU) ပါတီမှ ဝန်ကြီးချုပ် Merkel သည် ၄၁.၅ % ဖြင့် အနိုင်ရရှိခဲ့ပါသည်။ ၎င်း၏ ယခင်တွဲဖက် (Coalition Partner) ဖြစ်သည့် (FDP) ပါတီသည် ပါလီမန်အတွက် လိုအပ်သည့် ၅% ပြည့်မီခဲ့ခြင်းမရှိခဲ့ချေ။ အဆိုပါရလဒ်သည် ၎င်းတို့အတွက် သမိုင်းတွင် ပထမဆုံးအကြိမ် ရှုံးနိမ့်ခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါ FDP ၏ ရှုံးနိမ့်မှုကြောင့် Merkel သည် 'grand coalition' ဟု ခေါ်သည့် Social Democrats (SPD) နှင့် ပေါင်းစည်းကာ ညွန့်ပေါင်း အစိုးရ ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။[17]




ပုံ(၁)




ပုံ(၂)

[16] Germany: The Bundesrat- The Federal Council, Senat, 29 December 2015, Available from: http://www.senat.fr/senatsdumonde/germanyenglish/germanyenglish.html (29, December,2015)
[17] Deal reached on new government for Germany under Merkek, BBC, available from; http://www.bbc.com/news/world-europe-25116115 (9th November 2015)

၁၇။ CDU ပါတီသည် ဂျာမန်လွှတ်တော်တွင် နေရာအများဆုံးရရှိထားပြီး SPD ပါတီသည် ဒုတိယနေရာအများဆုံးရရှိသည်။ ထို့အပြင် ပုံ(၁) နှင့် ပုံ (၂) အရ ပါတီအလိုက် ပါတီစာရင်းတွင် အနိုင်ရရှိသောရာခိုင်နှုန်းနှင့် ပါတီအမှန်တကယ်ရရှိသောနေရာမှာ ကွာဟချက်များရှိနေသည်ကို တွေ့ရပေမည်။ ၎င်းသည် ဂျာမနီနိုင်ငံ၏ ရွေးကောက်ပွဲစနစ်မှ overhang seats နှင့် balance seats များကြောင့်ဖြစ်သည်။ ဥပမာ- Green ပါတီသည် ပါတီစာရင်းဖြင့် ရရှိရမည့် နေရာမှာ ၈.၄% သာဖြစ်သော်လည်း ၎င်းအမှန်တကယ်ရရှိသော နေရာအရေအတွက် ၆၃ နေရာ (စုစုပေါင်းနေရာ၏ ၁၀ % နှင့် ညီမျှ) ရရှိသည်။[18]

## အခန်း(၄)
## နိုင်ငံရေးပါတီများ

၁၈။ ဂျာမနီနိုင်ငံ၏ အဓိကနိုင်ငံရေးပါတီများမှာ ခရစ်ယာန်ဒီမိုကရက်တစ် ယူနီယံပါတီ (CDU)၊ ခရစ်ယာန် ဆိုရှယ်ယူနီယံပါတီ (CSU)နှင့် ဆိုရှယ်ဒီမိုကရက်တစ်ပါတီ (SPD) တို့ ဖြစ်ကြပါသည်။ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပါတီများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) **Christian Democratic Union Party (CDU)**။ ၁၉၄၅ ခုနှစ်တွင် CDU ပါတီသည် ပထမဆုံးရွေးကောက်ခံအစိုးရအား အနောက်ဂျာမနီတွင် ဝန်ကြီးချုပ် Konrad Adenauer လက်ထက်တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ မူလအစက ဂျာမနီနိုင်ငံသားများ၏ လူမှုဘဝဖြစ်သည့် ခရစ်ယာန်၊ ဒီမိုကရေစီနှင့် လစ်ဘရယ်မူဝါဒများကို အခြေခံ၍ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါ မူလရည်ရွယ်ချက်များသည် ဂျာမနီနိုင်ငံအား ဥရောပနှင့် ပေါင်းစည်းစေကာ နှစ်ခြမ်းကွဲနေသော ဂျာမနီနိုင်ငံကို ပြန်လည်ပေါင်းစည်းစေခဲ့ပါသည်။ CDU၏ လက်ရှိဆောင်ပုဒ်မှာ "Germany's future: in good hands"ဖြစ်ပါသည်။ အဆိုပါဆောင်ပုဒ်မှာ လက်ရှိ ဝန်ကြီးချုပ် Merkel ၏ စီးပွားရေးအခြေအနေကို ပြောင်မြောက်စွာ ထိန်းသိမ်းနိုင်မှုကို ရည်ရွယ်ပါသည်။ ပါတီ၏ ရည်ရွယ်ချက်မှာ မိသားစုများ၏ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ရန်၊ စီးပွားရေးတွင် ယှဉ်ပြိုင်နိုင်မှု မြင့်မားလာစေရန်နှင့် နည်းပါးသည့် အခွန်နှုန်းကို ဆက်လက်ထိန်းသိမ်းထားရန် ရည်ရွယ်ပါသည်။ Merkel ၏ဦးဆောင်မှုအောက်တွင် CDU ပါတီသည် နျူကလီးယား စွမ်းအင်အစားထိုးဆောင်ရွက်မှုနှင့် gay marriage ကို

[18] Election Resources on the Internet: Elections to the German Bundestag - Results Lookup, available from; http://www.electionresources.org/de/bundestag.php?election=2013 (26th Aprial 2016)

လက်ခံမှုစသည့် ဆောင်ရွက်မှုများဖြင့် နိုင်ငံရေးတွင် အဓိကကျသည့်နေရာသို့ တဖြည်းဖြည်း ရောက်ရှိလာခဲ့ပါသည်။[19]

(ခ) **Christian Social Union Party (CSU)။** CSU ပါတီကို ၁၉၄၅ ခုနှစ်တွင် CDU ၏ Bavarian Sister ပါတီအဖြစ် ဖွဲ့စည်းခဲ့ပါသည်။ ၎င်း CSU ပါတီသည်Free Democrats (FDP) ပူးပေါင်း၍ Bavarian ပြည်နယ်ကို အုပ်ချုပ်ပါသည်။ ဖက်ဒရယ်အဆင့်တွင် CDU ပါတီနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါသည်။ CDU နှင့် CSU ပါတီနှစ်ခုပေါင်းအား ပါလီမန်အတွင်းတွင် 'The Union' ဟု ခေါ်ပါသည်။ Bavarian ပြည်နယ်တွင် အများစု၏ထောက်ခံအားပေးမှု ရရှိသည့်ပါတီဖြစ်ပါသည်။ **CSU ပါတီခေါင်းဆောင်** မှာ Horst Seehofer ဖြစ်ပြီး ၂၀၀၈ ခုနှစ်ကတည်းက Bavarian ပြည်နယ်ဒေသ အစိုးရ၏အကြီးအကဲဖြစ်ပါသည်။[20]

(ဂ) **Social Democratic Party (SPD)။** SPD ပါတီသည် ဂျာမနီနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံးနိုင်ငံရေးပါတီဖြစ်ပါသည်။ ဂျာမနီနိုင်ငံတွင် ၁၉ ရာစု အလုပ်သမားတော်လှန်ရေးစတင်ကတည်းက တည်ရှိခဲ့သည့်ပါတီဖြစ်ပါသည်။ ၎င်းတို့အား အဓိကထောက်ခံအားပေးသူများမှာ မြို့နေလူတန်းစား၊ မြောက်ပိုင်းဂျာမနီမှ Protestant ဘာသာဝင်များနှင့် Ruhr ကဲ့သို့သော စက်မှုနယ်ပယ်များမှ ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့ အထွေထွေ ရွေးကောက်ပွဲတွင် SPD ပါတီသည် ထောက်ခံမဲ ၂၆ % ရရှိခဲ့ပါသည်။[21]

(ဃ) **The Green Party (Die Grunen) ။** The Green Party ကို ၁၉၇၀ ခုနှစ်များတွင် စီးပွားရေး၊ ငြိမ်းချမ်းရေးနှင့် စွမ်းအင်ဆိုင်ရာ ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းခဲ့ပါသည်။ ၎င်းပါတီသည် တိုင်းရင်းသား လူနည်းစုနှင့် မသန်စွမ်းသူများအားအဓိကဆောင်ရွက်ပေးပါသည်။ အဆိုပါ ပါတီသည် ဥရောပတွင် အောင်မြင်မှုအရှိဆုံး သဘာဝပတ်ဝန်းကျင်ပါတီ ဖြစ်ပါသည်။ **The Green Party ပါတီခေါင်းဆောင်** မှာ Jurgen Trittin ဖြစ်သည်။ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၂ရက်နေ့၌ ကျင်းပသော ရွေးကောက်ပွဲတွင် TheGreens ပါတီသည် ၈.၄% ရရှိခဲ့ပါသည်။[22]

(င) **The Left Party (Die Linke)။** The Left ပါတီကို ၂၀၀၇ ခုနှစ်တွင် ဆိုရှယ်လစ်မဲပေးသူများ၏ ထောက်ခံမှုဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ ပါတီအား Socialist

---

[19] Germany's political parties, available from; http://news.bbc.co.uk/2/hi/europe/4219274.stm (viewed 9th November 2015)

[20] Ibid.

[21] Ibid. Germany's political parties, available from; http://news.bbc.co.uk/2/hi/europe/4219274.stm (viewed 9th November 2015)

[22] Ibid.

နှင့် Social Democratic ပါတီငယ်များ ပေါင်းစည်းမှုဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ပါတီအား Democratic Socialism ပါတီအဖြစ် ဖော်ပြပြီး လက်ဝဲဆိုင်ရာ စီးပွားရေး ဆောင်ရွက်မှုများအတွက် ရပ်တည်ကာဖက်ဆစ်ဝါဒနှင့် မတရားမှုကို ဆန့်ကျင် ဆောင်ရွက်ပါသည်။ **The Left ပါတီခေါင်းဆောင်** Gregor Gysi ဖြစ်သည်။ ပါတီသည် ဈေးကွက်စီးပွားရေးဆိုင်ရာအစိုးရစည်းမျဉ်းများ တိုးချဲ့ရေးနှင့် ချမ်းသာသူများ အား အခွန်တိုးမြှင့်ကောက်ခံရေးကိစ္စရပ်များအား လိုလားပါသည်။ အပြည့်အဝလူမှုရေး စနစ်တစ်ခု ဖြစ်ပေါ်လာစေရန်အတွက် သီးခြားကျန်းမာရေး စောင့်ရှောက်မှုနှင့် ပတ်သက်သည့် တင်းကျပ်သောစည်းမျဉ်းများပယ်ဖျက်ရေးအတွက် ဆောင်ရွက်နေသည့် ပါတီဖြစ်ပါသည်။The Left ပါတီသည် အနည်းဆုံးလုပ်ခ (Minimum Wage) သတ်မှတ်ခြင်းကို ထောက်ခံပြီး လုပ်ငန်းခွင်အနေအထားနှင့် ခံစားခွင့်များပိုမို တိုးတက်အောင် ဆောင်ရွက်လိုပါသည်။ The Left ပါတီမှ ဂျာမနီနိုင်ငံအား အချမ်းသာဆုံးဖြစ်စေသည့် စီးပွားရေးမူဝါဒများသည် ပြည်သူများကိုဆင်းရဲစေကြောင်း ဟောပြောသည့်ပါတီဖြစ်ပါသည်။ The Left ပါတီသည် စက်တင်ဘာလ ၂၂ ရက်နေ့ အထွေထွေ ရွေးကောက်ပွဲတွင် ထောက်ခံမဲ ၈.၆% ရရှိ ခဲ့ပါသည်။[23]

## အခန်း (၅)
## ဂျာမနီနိုင်ငံ သမ္မတရွေးကောက်တင်မြှောက်ခြင်း

၁၉။ ပြည်ထောင်စုညီလာခံသည် ဂျာမနီနိုင်ငံတွင် အကြီးဆုံး ဥပဒေပြုညီလာခံ ဖြစ်သည်။ ၎င်း၏ အဓိကတာဝန်မှာ နိုင်ငံတော်သမ္မတ ရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်။ နိုင်ငံတော်သမ္မတ သက်တမ်းမကုန်ဆုံးမီ အသစ်ပြန်လည်ရွေးကောက်ခြင်းမှအပ ကျန်အခြေအနေများတွင် ပြည်ထောင်စု ညီလာခံကို ၅ နှစ် တစ်ကြိမ်သာ ကျင်းပသည်။ ပြည်ထောင်စုညီလာခံကို အောက်လွှတ်တော် ဥက္ကဋ္ဌမှ ဦးဆောင်ကျင်းပပြီး ညီလာခံကျင်းပမည့် နေ့ရက်နှင့်နေရာကိုလည်း ဆုံးဖြတ်သည်။ အခြေခံဥပဒေအရ နိုင်ငံတော်သမ္မတ၏ သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ အတွင်း ပြည်ထောင်စု ညီလာခံကို ခေါ်ယူရမည်။[24]

၂၀။ ရွေးကောက်ပွဲဝင်ရောက်ရန် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသည့် အသက် ၄၀ နှစ်ပြည့်ပြီး ဂျာမနီနိုင်ငံသားတိုင်း သမ္မတဖြစ်ပိုင်ခွင့်ရှိသည်။ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ရန် အဆိုပြုသူ၏ အမည်စာရင်းကို ပြည်ထောင်စုညီလာခံ ကိုယ်စားလှယ်

---

[23] Germany's political parties, available from; http://news.bbc.co.uk/2/hi/europe/4219274.stm (viewed 9th November 2015)

[24] Deutscher Bundestag, Election of the Federal President, available from; http://www.bundestag.de/htdocs_e/bundestag/elections/federal_convention/ (viewed 6th November 2015)

တစ်ဦးဦးက တင်သွင်းရမည်။ ထို့နောက် ဆွေးနွေးခြင်းမပြုဘဲ လျှို့ဝှက်မဲဖြင့် မဲပေးရွေးချယ်သည်။ အကယ်၍ ပထမအကြိမ်နှင့် ဒုတိယအကြိမ် မဲခွဲဆုံးဖြတ်ရာတွင် မည်သည့် အဆိုပြုခံထားရသူမျှ ထက်ဝက်ကျော်ဆန္ဒမဲမရရှိပါက တတိယအကြိမ် မဲခွဲ ဆုံးဖြတ်ခြင်းကို ဆောင်ရွက်သည်။ တတိယအကြိမ်မဲခွဲရာတွင် မဲအများဆုံးရရှိသူအား သမ္မတအဖြစ်တင်မြှောက်နိုင်သည်။ ဒုတိယအကြိမ်နှင့် တတိယအကြိမ် မဲခွဲဆုံးဖြတ်ခြင်းများတွင်လည်း နောက်ထပ်သမ္မတလောင်းအသစ် အမည်စာရင်းများကို တင်သွင်းနိုင်သည်။[25]

၂၁။ ဂျာမနီသမ္မတသည် ဂျာမနီနိုင်ငံ၏ အကြီးအကဲဖြစ်ပါသည်။ ၎င်းသည် နိုင်ငံတော်အားကိုယ်စားပြုပြီး အခြားသောနိုင်ငံ အစိုးရများနှင့် ဆက်ဆံရေးတွင်အရေးပါ၍ အစိုးရအဖွဲ့ဝင်များ၊ တရားသူကြီးများနှင့် ဝန်ထမ်းအကြီးအကဲများအား ခန့်အပ်ပိုင်ခွင့်ရှိပါသည်။ ဥပဒေများအား လက်မှတ်ရေးထိုး၍ တရားဝင်ထုတ်ပြန်နိုင်သည်။ သမ္မတသည် အစိုးရအဖွဲ့အား ရုပ်သိမ်းနိုင်ပြီး၊ အချို့သောကိစ္စရပ်များတွင် ပါလီမန်ကိုပင် ဖျက်သိမ်းပိုင်ခွင့်ရှိသည်။ သို့ရာတွင် အဆိုပါကိစ္စရပ်များနှင့် ပါလီမန်၏ဆုံးဖြတ်ချက်များအား အတည်ပြုပေးနိုင်ခြင်းများရှိသော်လည်း ဂျာမနီ အခြေခံဥပဒေမှ ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များနှင့်အညီသာ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ အမေရိကန်နိုင်ငံနှင့် အခြားနိုင်ငံများကဲ့သို့ သမ္မတ၏ ဗီတိုအာဏာအား အခြေခံဥပဒေတွင် ဖော်ပြထားခြင်းမရှိပေ။ သမ္မတ၏ သက်တမ်းမှာ (၅) နှစ်ဖြစ်ကာ၊ နောက်ထပ်ဆက်လက်၍ တစ်ကြိမ်သာ ရွေးချယ်ခံပိုင်ခွင့်ရှိသည်။ ဂျာမနီသမ္မတအား အောက်လွှတ်တော် ကိုယ်စားလှယ်များကတစ်ဝက်၊ ပြည်နယ် (၁၆) ခု၏ လွှတ်တော်များမှ ရွေးချယ်ထားသော ကိုယ်စားလှယ်များက တစ်ဝက်ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုညီလာခံက ရွေးချယ်ခြင်းဖြစ်သည်။[26]

၂၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ အရ ဂျာမနီနိုင်ငံသမ္မတသည် အသက် ၄၀ နှစ်ပြည့်ပြီး ဂျာမန်နိုင်ငံသားဖြစ်ရမည်။ ပုဒ်မ ၅၅ (၁) အရ ပြည်နယ်ဥပဒေပြုအဖွဲ့ သို့မဟုတ် အစိုးရအဖွဲ့၏ အဖွဲ့ဝင်မဖြစ်စေရ။ ပုဒ်မ ၅၅ (၂) အရ နိုင်ငံ့ဝန်ထမ်း၊ အသက်မွေးကြောင်းလုပ်ငန်း လုပ်ကိုင်နေသူ၊ အကျိုးအမြတ်ရရှိရန်အတွက် ပုဂ္ဂလိကလုပ်ငန်း လုပ်ကိုင်နေသူများမဖြစ်ရ။ သမ္မတအဖြစ် သက်တမ်း

[25] Deutscher Bundestag, Election of the Federal President, available from; http://www.bundestag.de/htdocs_e/bundestag/elections/federal_convention/ (viewed 6th November 2015)

[26] Facts About Germany, The Federal President, available from; http://www.tatsachen-ueber-deutschland.de/en/political-system/main-content-04/the-federal-president.html (viewed 4th November 2015)

စတင်သည့်နေ့တွင် အောက်လွှတ်တော်နှင့် အထက်လွှတ်တော် ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုရမည်။[27]

၂၃။ ဂျာမနီနိုင်ငံသည် ဖက်ဒရယ်စနစ်ဖြစ်သောကြောင့် သမ္မတခန့်ထားခြင်းရှိသော်လည်း သမ္မတသည် နိုင်ငံတွင် ဥပဒေများ၊ ပေါ်လစီများချမှတ်နိုင်ခြင်းမရှိဘဲ လွှတ်တော် အဓိပတိကသာ ဥပဒေပြုခွင့်၊ ပေါ်လစီများ ချမှတ်နိုင်ခွင့်ရှိပြီး သမ္မတက လက်မှတ်ရေးထိုးရုံသာ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။[28]

## ဂျာမနီနိုင်ငံသမ္မတ Mr. Frank-Walter Steinmeier

၂၄။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၏ (၁၂) ဦးမြောက် သမ္မတအဖြစ် ပြည်ထောင်စု အထွေထွေညီလာခံမှ ရွေးချယ်ခဲ့သည်။

၂၅။ ဂျာမနီနိုင်ငံသမ္မတ Mr. Frank-Walter Steinmeier ကို ၁၉၅၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် Lippe ခရိုင်၊ Detmold မြို့တွင် မွေးဖွားခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် Giessenရှိ Justus Liebig တက္ကသိုလ်တွင် ဥပဒေပညာကိုစတင်လေ့လာခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံရေး သိပ္ပံပညာကို လေ့လာခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ပထမအဆင့် ဥပဒေစာမေးပွဲ (First state law examination) နှင့် ၁၉၈၆ ခုနှစ်တွင် ဒုတိယအဆင့် ဥပဒေစာမေးပွဲ (Second state law examination) များကို အောင်မြင်ခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် **"အိမ်ခြေယာမဲ့နိုင်ငံသားများ-အိမ်ယာထောက်ပံ့ပေးရန်တာဝန်နှင့် နေထိုင်ရန်နေရာရရှိပိုင်ခွင့်"** စာတမ်းဖြင့် ပါရဂူဘွဲ့ ရရှိခဲ့သည်။[29]

၂၆။ Mr. Frank-Walter Steinmeier သည် ၂၀၀၅ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ်လည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် ဒုတိယဝန်ကြီးချုပ်အဖြစ်လည်းကောင်း ခန့်အပ်ခံခဲ့ရသည်။ ၂၀၀၉ ခုနှစ်တွင် Land Brandenburg မဲဆန္ဒနယ်မှ ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံခဲ့ရပြီး ဂျာမန်အောက်လွှတ်တော် ကိုယ်စားလှယ်ဖြစ်လာခဲ့သည်။ ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအထိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဒုတိယအကြိမ် တာဝန်ထမ်းဆောင်ခဲ့သည်။[30]

---

[27] Deutscher Bundestag, Election of the Federal President, available from; http://www. bundestag. de/htdocs_e/bundestag/elections/federal_convention/ (viewed 2nd November 5, 2015)

[28] Facts About Germany, The Federal Chancellor and the government, available from; http://www.tatsachen-ueber-deutschland.de/en/political-system/main-content-04/the-federal-chancellor-and-the-government.html (viewed 4th November 2015)

[29] Federal President Frank-Walter Steinmeier, available from; http://www.bundespraesident.de/EN/Federal-President/Curriculum-Vitae/Curriculum-Vitae_Steinmeier.html, viewed 6th June 2017.

[30] Ibid

## အခန်း (၆)
## ဂျာမနီဝန်ကြီးချုပ်ရွေးချယ်တင်မြှောက်ခြင်း

၂၇။ အောက်လွှတ်တော်မှ ပြည်ထောင်စုအစိုးရအဖွဲ့ အကြီးအကဲကို ဆုံးဖြတ်ပေးရသည်။ အောက်လွှတ်တော်ရှိ ပါလီမန်ဆိုင်ရာ အဖွဲ့တစ်ဖွဲ့ချင်းစီနှင့် ဆွေးနွေးပြီးနောက် သမ္မတသည် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်မည့်သူကို အဆိုပြုတင်သွင်းသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၃ အရ သမ္မတမှ အဆိုပြုတင်သွင်းလာသူကို အောက်လွှတ်တော်မှ ဆွေးနွေးမှုမပြုဘဲ ရွေးချယ်သည်။[31]

၂၈။ ဂျာမနီဝန်ကြီးချုပ်သည် ဂျာမနီအစိုးရအဖွဲ့တွင် တစ်ဦးတည်းသောရွေးချယ် တင်မြှောက်ခံရသူဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဝန်ကြီးချုပ်သည် ၎င်း၏ ဝန်ကြီးအဖွဲ့ကို ရွေးချယ်ပိုင်ခွင့်ရှိသည်။ ထို့ပြင်ဝန်ကြီးဌာနများ၏ အရေအတွက်နှင့် လုပ်ငန်းတာဝန်များကိုလည်း ကိုယ်တိုင်ရွေးချယ် ဆောင်ရွက်နိုင်သည်။ ဝန်ကြီးချုပ်သည် အစိုးရ၏ မူဝါဒချမှတ်သူလည်း ဖြစ်သည်။[32]

၂၉။ ဖက်ဒရယ်အစိုးရနှင့် အစိုးရအဖွဲ့ (Cabinet) ကို ဖက်ဒရယ်ဝန်ကြီးချုပ်နှင့် ဖက်ဒရယ်ဝန်ကြီးများဖြင့် ဖွဲ့စည်း၍၊ ဝန်ကြီးချုပ်က ညွှန်ကြားချက်များ ထုတ်ပြန်သည့် အခွင့်အာဏာရှိပါသည်။ ဝန်ကြီးဌာနများသည် ဝန်ကြီးချုပ်က ထုတ်ပြန်သော ညွှန်ကြားချက်များကို မူဘောင်အဖြစ် သတ်မှတ်လိုက်နာ၍ ဝန်ကြီးများက လွတ်လပ်စွာကိုင်တွယ်ဆောင်ရွက်ပါသည်။ ထို့ပြင် အစိုးရအဖွဲ့သည် ညွန့်ပေါင်းပါတီများ၏ မူဝါဒများကိုလည်းလိုက်နာရပြီး အငြင်းပွားမှုများရှိပါက ဖက်ဒရယ်အစိုးရအများစုဆန္ဒမဲ (Majority) ဖြင့်ဆုံးဖြတ်ရပါသည်။ ဝန်ကြီးချုပ်သည် နိုင်ငံရေးရာကိစ္စရပ်များကိုလည်း စီမံခန့်ခွဲသည့် တာဝန်ကိုလည်း ထမ်းဆောင်ရပါသည်။

### ဂျာမနီနိုင်ငံဝန်ကြီးချုပ် အန်ဂျယ်လာ မာကယ် (Angela Merkel)

၃၀။ ဂျာမနီနိုင်ငံဝန်ကြီးချုပ် အန်ဂျယ်လာ မာကယ်ကို ၁၉၅၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ဂျာမနီနိုင်ငံ၊ ဟမ်းဘတ်မြို့တွင် မွေးဖွားခဲ့သည်။ ၁၉၇၃ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ University of Leipzig တွင် ရူပဗေဒပညာရပ်ကို လေ့လာခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ဒေါက်တာဘွဲ့ ရရှိခဲ့ပြီးနောက်ပိုင်းတွင် ရုပ်ပိုင်းဆိုင်ရာ ဓာတုဗေဒ ဗဟိုဌာနတွင် အလုပ်လုပ်ကိုင်ခဲ့သည်။[33]

---

[31] Election of the Federal Chancellor, available from; https://www.bundestag.de/htdocs_e /bundestag/function/ chancellor (viewed 2nd November 5, 2015)

[32] The Federal Chancellor and the government, available from; http://www.tatsachen-ueber-deutschland.de (viewed 4th November 2015)

[33] Angela Merkel, available from; http://www.biography.com/people/angela-merkel-9406424 (viewed 6th November 2015)

၃၁။ ဂျာမနီနိုင်ငံ၏ ခရစ်ယာန်ဒီမိုကရက်တစ်ယူနီယံပါတီ (CDU) ခေါင်းဆောင် Ms.Merkel သည် ဂျာမနီနိုင်ငံ၏ ပထမဆုံးသော အမျိုးသမီး ဝန်ကြီးချုပ်အဖြစ် ၂၂.၁၁.၂၀၀၅ ရက်နေ့တွင် အာဏာရရှိလာခြင်းသည် ဂျာမနီနိုင်ငံရေးလောက၌ နိုင်ငံရေးမျိုးဆက်သစ်တစ်ရပ်သို့ ကူးပြောင်းသည့် လက္ခဏာဖြစ်ကြောင်း နိုင်ငံရေးလေ့လာသူများက ပြောကြားကြပါသည်။ Ms.Merkel သည် ဂျာမနီနိုင်ငံ အရှေ့ပိုင်း (ယခင်အရှေ့ဂျာမနီ) ၌ ကြီးပြင်းလာသူဖြစ်၍ ယခု အသက် (၆၀) နှစ်ရှိကာ ယခင် အရှေ့ဘာလင်မြို့မှ ရူပဗေဒသိပ္ပံပညာရှင်တစ်ဦးဖြစ်ခဲ့ပြီး၊ ကွန်မြူနစ်အရှေ့ဂျာမနီနိုင်ငံတွင် ၃၅ နှစ် နေထိုင်ခဲ့ပါသည်။ ၁၉၈၉ ခုနှစ်တွင် အရှေ့နှင့်အနောက် ဂျာမနီ (၂) နိုင်ငံကို ပိုင်းခြားထားသည့် ဘာလင်တံတိုင်းကြီး ပြိုကွဲပြီးနောက်ပိုင်း နိုင်ငံရေးလောကသို့ ဝင်ရောက်ခဲ့ပါသည်။ ၁၉၉၀ ပြည့်နှစ်တွင် ဂျာမနီနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းထားသော ဂျာမနီနိုင်ငံ၏ ပထမဆုံးသော ပါလီမန်သို့ ရွေးချယ် တင်မြှောက်ခံရသည့် ဝန်ကြီးချုပ် Helmut Kohl သည် Merkel အား ၁၉၉၁ ခုနှစ်တွင် အစိုးရအဖွဲ့သို့ ထည့်သွင်းခဲ့ ပါသည်။ Merkel သည် ၁၉၉၁ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ အမျိုးသမီး လူငယ်ရေးရာ ဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၉၄ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ပတ်ဝန်းကျင်ဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ ပါသည်။[34]

၃၂။ ထို့နောက် ၁၉၉၈ ခုနှစ် ဂျာမနီအထွေထွေရွေးကောက်ပွဲတွင် Helmut Kohl သည် မစ္စတာရှရိုဒါအား ရှုံးနိမ့်ပြီးနောက် Merkel သည် ခရစ်ယာန် ဒီမိုကရက်တစ်ယူနီယံပါတီ (CDU) ခေါင်းဆောင်အဖြစ် ရွေးချယ်တင်မြှောက်ခံရပါသည်။ ၎င်း၏ နိုင်ငံရေးဘဝ တစ်လျှောက်လုံး ပြိုင်ဘက်များက လျှော့တွက်ခြင်း ခံရသည့်ကြားမှ ထိပ်ပိုင်းသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ၂၀၀၂ ခုနှစ်တွင် ဂျာမန်ပါလီမန်ရှိ ခရစ်ယာန် ဒီမိုကရက်ပါတီ (CDU) နှင့် ခရစ်ယာန် ဆိုရှယ်ယူနီယံ (CSU) ပါတီတို့၏ ပါလီမန် အုပ်စုခေါင်းဆောင် ဖြစ်လာခဲ့ပါသည်။ ၂၂.၉.၂၀၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အထွေထွေ ရွေးကောက်ပွဲ၌ Merkel ၏ CDU/CSU ပါတီသည် ၄၂.၅% ရရှိခဲ့ပါသည်။ ၎င်း CDU/CSU ပါတီသည် အတိုက်အခံ SPD နှင့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန် အတွက် စေ့စပ်ဆွေးနွေးပွဲများပြုလုပ်ခဲ့ပြီး (၃) လအကြာ၌ ပါတီနှစ်ရပ် သဘောတူညီမှုရကာ အောက်လွှတ်တော်မှ ၁၇.၁၂.၂၀၁၃ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် တရားဝင် ရွေးချယ် တင်မြှောက် ခဲ့ပါသည်။[35]

---

[34] Angela Merkel, available from; http://www.biography.com/people/angela-merkel-9406424 (viewed 6th November 2015)

[35] Angela Merkel, available from; http://www.biography.com/people/angela-merkel-9406424 (viewed 6th November 2015)

## CDU၊ CSU နှင့် SPD ညွန့်ပေါင်းအစိုးရ၏ ဆောင်ရွက်ချက်များ

၃၃။ လက်ရှိအချိန်တွင် Merkel ၏ CDU/CSU ပါတီအင်အားစုသည် SPD ပါတီနှင့် စက်တင်ဘာလ ရွေးကောက်ပွဲပြီးနောက် (၃) လအကြာ ညှိနှိုင်းဆွေးနွေးပြီးနောက် ညွန့်ပေါင်း အစိုးရဖွဲ့စည်းရန် သဘောတူညီချက်ရကာ နောက်ဆုံးတွင် ၂၀၀၅-၂၀၀၉ ခုနှစ်က ပူးတွဲအုပ်ချုပ်ခဲ့သည့်နည်းတူ နောက်တစ်ကြိမ် grand coalition အား စတင်ဆောင်ရွက်နေချိန် ဖြစ်ပါသည်။

၃၄။ ပါတီနှစ်ရပ်ပေါင်းစည်းရန်အတွက် မူဝါဒပိုင်းဆိုင်ရာများ အလျှော့/အတင်း ဆောင်ရွက်ခဲ့ရသဖြင့် လက်ရှိအစိုးရအသစ် လက်ထက်တွင် နိုင်ငံလုံးဆိုင်ရာ အနည်းဆုံးလုပ်ခအဖြစ် တစ်နာရီလျှင် ယူရို ၈.၅ သတ်မှတ်ပြီး ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။[36] ပင်စင် အသက်အား ၆၇ နှစ်မှ ၆၃ နှစ်သို့ သတ်မှတ်ရေးအား ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။[37] အစိုးရ၏ လေတာဘိုင်များနှင့် စွမ်းအင်စက်ရုံများတွင် ရင်းနှီးမြှုပ်နှံမှုကို ရည်မှန်းချက်အပေါ် မူတည်၍ ဆောင်ရွက်မည်ဖြစ်ပါသည်။ CDU/CSU ပါတီအင်အားစုပါတီနှင့် SPDပါတီတို့သည် ယခင်ကတည်းက ဆောင်ရွက်နေသည့် ဂျာမနီနိုင်ငံအား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ စွမ်းအင် ၅၅% မှ ၆၀% ထုတ်ယူရေးကို ၂၀၃၅ ခုနှစ်တွင် အပြီးဆောင်ရွက်ရန် သဘောတူညီခဲ့ကြပါသည်။[38]

၃၅။ လက်ရှိဂျာမန်ဥပဒေအရ ဂျာမနီနိုင်ငံတွင် နေထိုင်သော နိုင်ငံခြားသားမိဘနှစ်ပါးမှ မွေးဖွားသည့်ကလေးများသည် အသက် (၂၃) နှစ်တွင် မိမိခံယူလိုသည့်နိုင်ငံကို ရွေးချယ်ရပါသည်။ နိုင်ငံသားဖြစ်မှုဥပဒေ (Citizenship Law) ကို ပြင်ဆင်သည့် ဥပဒေအရ ဂျာမနီနိုင်ငံတွင် နေထိုင်သည့် နိုင်ငံခြားသား မိဘများမှ မွေးဖွားသည့် ကလေးများသည် နှစ်နိုင်ငံသားအဖြစ်ခံယူခွင့် (dual citizenship) အား ရရှိမည်ဖြစ်ပါသည်။[39] ထို့အပြင် အစိုးရအသစ်လက်ထက်တွင် လိင်တူလက်ထပ်ထားသည့် စုံတွဲများ ကလေးမွေးစားခွင့်ရရှိရေး ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။[40]

---

[36] Bernd Grabler, Basic New German Government sets priorities for 2014, 29.12.2013, available from; http://www.dw.com/en/new-german-government-sets-priorities-for-2014/a-17328424 (viewed 16 November 2015)

[37] CMS Hasche Sigle, Germany's new pension package: retirement at 63, May 20 2014, available from; http://www.lexology.com/library/detail.aspx?g=80711c8c-22c6-461c-a9a8-521ff0c4b043 (viewed 16 November 2015)

[38] CDU/CSU and SPD Present Coalition Agreement- 55% to 60% Renewable by 2035 and more, 29 November 2013, available from; http://energytransition.de/2013/11/grand-coalition-agreement-55-to-60-renewables-by-2035-and-more/ (viewed 17 November 2015)

[39] Merkel's coalition drafts dual nationality plan for young foreigners, available from; http://www.dw.com/en/merkels-coalition-drafts-dual-nationality-plan-for-young-foreigners/a-17526849 (viewed 18 November 2015)

[40] German gays get more adoption rights, June 13, 2014, iol news, available from; http://www.iol.co.za/news/world/german-gays-get-more-adoption-rights-1.1703377 (viewed 18 November 2015)

## အခန်း (၇)
## လက်ရှိအစိုးရ ဖွဲ့စည်းထားရှိမှု

၃၆။ ဂျာမနီနိုင်ငံ ကွန်ဆာဗေးတစ်ခရစ်ယာန် ဒီမိုကရက်တစ် ယူနီယံပါတီ (CDU) ခေါင်းဆောင် Angela Merkel သည် ဂျာမနီနိုင်ငံ၏ ပထမဆုံးသော အမျိုးသမီးဝန်ကြီးချုပ်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဒုတိယအကြိမ် သက်တမ်းအဖြစ် ၂၀၀၉ ခုနှစ်တွင် ရွေးချယ်တင်မြှောက်ခံခဲ့ရပြီး လက်ရှိတွင် ၎င်း၏ ဝန်ကြီးချုပ်ရာထူး တတိယသက်တမ်း အား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့မှစတင်၍ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ သူမသည် ညွန့်ပေါင်းပါတီ ဖြစ်သော CDU (Christian Democratic Union)၊ CSU (Christian SocialUnion) နှင့် SPD (Social Democratic Party Germany) တို့၏ ခေါင်းဆောင် ဖြစ်ပါသည်။

**ဂျာမနီနိုင်ငံ၏ အစိုးရအဖွဲ့စာရင်း**

| စဉ် | အမည် | ရာထူး | ပါတီ |
|---|---|---|---|
| ၁ | Angela Merkel | ဝန်ကြီးချုပ် | ဂျာမနီခရစ်ယာန်ဒီမိုကရစ်တစ် အစည်းအရုံး (CDU) |
| ၂ | Brigitte Zypries | စီးပွားရေးရာနှင့် စွမ်းအင်ဝန်ကြီး | ဂျာမနီလူမှုဒီမိုကရစ်တစ်ပါတီ (SPD) |
| ၃ | Sigmar Gabriel | နိုင်ငံခြားရေးဝန်ကြီး | ဂျာမနီလူမှုဒီမိုကရစ်တစ်ပါတီ (SPD) |
| ၄ | Thomas de Maiziere | ပြည်ထဲရေးဝန်ကြီး | ဂျာမနီခရစ်ယာန်ဒီမိုကရစ်တစ် အစည်းအရုံး (CDU) |
| ၅ | Wolfgang Schauble | ဘဏ္ဍာရေးဝန်ကြီး | ဂျာမနီခရစ်ယာန်ဒီမိုကရစ်တစ် (CDU) |
| ၆ | Andrea Nahles | အလုပ်သမားနှင့်လူမှုရေးရာဝန်ကြီး | ဂျာမနီ လူမှုဒီမိုကရစ်တစ် ပါတီ (SPD) |
| ၇ | Hermann Grohe | ကျန်းမာရေးဝန်ကြီး | ဂျာမနီခရစ်ယာန်ဒီမိုကရစ်တစ် (CDU) |

| စဉ် | အမည် | ရာထူး | ပါတီ |
|---|---|---|---|
| ၈ | Ursula van der Leyen | ကာကွယ်ရေးဝန်ကြီး | ဂျာမနီခရစ်ယာန်ဒီမိုကရစ်တစ် အစည်းအရုံး (CDU) |
| ၉ | Heiko Maas | တရားရေးနှင့်စားသုံးသူကာကွယ်ရေး ဝန်ကြီး | ဂျာမနီလူမှုဒီမိုကရစ်တစ်ပါတီ (SPD) |
| ၁၀ | Katarina Barley | မိသားစု၊ သက်ကြီးရွယ်အို၊ အမျိုးသမီး နှင့် လူငယ်ရေးရာဝန်ကြီး | ဂျာမနီလူမှုဒီမိုကရစ်တစ်ပါတီ (SPD) |
| ၁၁ | Barbara Hendricks | သဘာဝပတ်ဝန်ကျင်းထိန်းသိမ်းကာကွယ်ရေး၊ တည်ဆောက်ရေးနှင့် နူးကလီယားဘေးကင်းလုံးခြုံရေး ဝန်ကြီး | ဂျာမနီလူမှုဒီမိုကရစ်တစ်ပါတီ (SPD) |
| ၁၂ | Alexander Dobrindt | ပို့ဆောင်ရေးနှင့် ဒီဂျစ်တယ် အဆောက်အအုံရေးရာ ဝန်ကြီး | ဂျာမနီခရစ်ယာန်ဒီမိုကရစ်တစ် အစည်းအရုံး (CSU) |
| ၁၃ | Johanna Wanka | ပညာရေးနှင့် သုတေသနရေးရာ ဝန်ကြီး | ဂျာမနီခရစ်ယာန်ဒီမိုကရစ်တစ် အစည်းအရုံး (CDU) |
| ၁၄ | Christian Schmidt | အစားအသောက်နှင့် လယ်ယာစိုက်ပျိုးရေးရာ ဝန်ကြီး | ဘာဗာရီယား ခရစ်ယာန်လူမှု အစည်းအရုံး Christian Social Union in Bavaria (CSU) |
| ၁၅ | Gerd Muller | စီးပွားဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးဝန်ကြီး | ဘာဗာရီယား ခရစ်ယာန်လူမှု အစည်းအရုံး Christian Social Union in Bavaria (CSU) |
| ၁၆ | Peter Altmaier | ဖက်ဒရယ်အစိုးရဝန်ကြီးရုံး ဥက္ကဋ္ဌ၊ အထူးကိစ္စရပ်များဆိုင်ရာ ဝန်ကြီး | ဂျာမနီခရစ်ယာန်ဒီမိုကရစ်တစ် အစည်းအရုံး Christian Democratic Union of Germany (CDU) |

## အခန်း (၈)
## ဂျာမနီနိုင်ငံ၏ တရားစီရင်ရေး

၃၇။ ဂျာမနီနိုင်ငံသည် ဒီမိုကရေစီဖွဲ့စည်းပုံစနစ် (Democratic Constitution State) စနစ်ကျင့်သုံးသောနိုင်ငံဖြစ်ပြီး၊ ဥပဒေစိုးမိုးမှု လွတ်လပ်ခွင့်နှင့် တန်းတူရည်တူရှိမှုတို့ကို ဥပဒေဖြင့်အာမခံပေးထားသော နိုင်ငံဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ အခြေခံဥပဒေ(the basic law) မှာ မရှိမဖြစ်သော ဒီမိုကရေစီဖွဲ့စည်းပုံစနစ် ကျင့်သုံးသောနိုင်ငံ၏ မူဝါဒဖြစ်ပါသည်။ ဂျာမန်တရားရုံးချုပ် (German Supreme Court) ဟုခေါ်တွင်သော Federal Constitution Court သည် အခြေခံဥပဒေပါ ရပိုင်ခွင့်များနှင့် တရားစီရင်မှုတို့ကို ထိန်းကျောင်းပေးလျက်ရှိပါသည်။ ဂျာမနီနိုင်ငံတွင် တရားစီရင်မှုအာဏာကို အပိုင်း (၅) ပိုင်း ခွဲခြားထားရာ ၎င်းတို့မှာ သာမန် (ordinary)၊ လုပ်အား (Labour)၊ အုပ်ချုပ်မှု (administrative)၊ လူမှုရေး (Social) နှင့် ဘဏ္ဍာရေး(financial) စသည်တို့ ဖြစ်ကြပါသည်။ သာမန်ကိစ္စအတွက် အဆင့်မြင့်တရားရုံး (၃) ရုံးထားရှိပြီး၊ အောက်ခြေတရားရုံးများ၏ ဆုံးဖြတ်ချက်များကို ပြန်လည်စိစစ်နိုင်သော အခွင့်အာဏာရှိပါသည်။ တရားစီရင်မှုပြုရန်အတွက် ရာသက်ပန်ခန့်ထားသော တရားသူကြီး ၂၁၀၀၀ ဦးက အမှုကို ဥပဒေနှင့် ညီညွတ်မှု ရှိ/မရှိ၊ ကနဦး စိစစ်ဆောင်ရွက်ရပါသည်။ ထို့အပြင် တရားစွဲဆိုနိုင်သူ Public prosecutors ၅၀၀၀ ဦးရှိပြီး၊ အမှုလိုက် ရှေ့နေ ၁၀၀၀၀၀ ဦး ရှိပါသည်။

၃၈။ မှတ်တမ်းများအရ နိုင်ငံရေးတည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးမှုအဆင့်မှာ ဗြိတိန်နိုင်ငံပြီးလျှင် ဂျာမနီသည် ဒုတိယနေရာတွင်ရှိသော နိုင်ငံဖြစ်ပါသည်။ ယင်းသို့တရားဥပဒေ စိုးမိုးမှုနှင့် ဥပဒေ၏ အာမခံပြုမှုတို့ကြောင့် နိုင်ငံခြားကုမ္ပဏီများအား ဆွဲဆောင်မှုရှိရုံမျှမက ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆောင်ရွက်မှုတို့တွင် အကျိုးဖြစ်ထွန်းမှုများကိုရရှိ ခံစား လျက် ရှိပါသည်။[41]

## အခန်း (၉)
## ဥပဒေပြုပါလီမန်

### ဂျာမနီအောက်လွှတ်တော်

၃၉။ ဂျာမနီနိုင်ငံတွင် အထက်လွှတ်တော် (Bundesrat) အောက်လွှတ်တော် (Bundestag) ဟူ၍ လွှတ်တော်နှစ်ရပ်ရှိသည်။ ဂျာမနီအောက်လွှတ်တော် (Bundestag) သည် ဂျာမန်ပြည်သူများအားလုံး ကိုယ်စားပြုသည့် လွှတ်တော် (ပါလီမန်) ဖြစ်ပါသည်။ ဂျာမနီအောက်လွှတ်တော်တွင် အမတ်နေရာ (၅၉၈) နေရာရှိသည့်အနက်၊ နိုင်ငံရေးပါတီများ အတွက်နေရာမှာ တစ်ဝက်ရှိပြီး၊ ကျန်ထက်ဝက်နေရာကို

[41] Facts About Germany, The Federal President, available from; http://www.tatsachen-ueber-deutschland.de/en/political-system/main-content-04/the-federal-president.html (viewed 4th November 2015)

မဲဆန္ဒနယ် (၂၉၉) မှ ကိုယ်စားလှယ်များအား တိုက်ရိုက်ရွေးကောက် တင်မြှောက်သည့်စနစ် ဖြစ်ပါသည်။ Budestag ခေါ် ဂျာမန်အောက်လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် နိုင်ငံရေးပါတီများမှရွေးချယ်မှုဖြင့် နိုင်ငံတော်သမ္မတကို ရွေးချယ်ပါသည်။ ဝန်ကြီးချုပ်ကိုလည်း ပါလီမန်မှပင် ရွေးချယ်ပြီး၊ ပါလီမန်အမတ်များသည် အဆိုပါရွေးချယ်မှုတွင် ပါဝင်မဲပေးနိုင်ပြီး၊ အစိုးရ၏ မူဝါဒများကို ထောက်ခံပိုင်ခွင့်ရှိပါသည်။ ပါလီမန်၏ အခြားအရေးပါသည့် လုပ်ငန်းတာဝန်များမှာ အရွေးချယ်ခံ ပါလီမန်အမတ်များသည် ဥပဒေများပြဌာန်းပိုင်ခွင့်ရှိခြင်းပင် ဖြစ်ပါသည်။ ၁၉၄၉ ခုနှစ်မှစတင်၍ ဂျာမနီပါလီမန်သို့ ဥပဒေမူကြမ်းပေါင်း (၈၄၀၀) အဆိုပြု တင်သွင်းခဲ့ပြီး၊ ၎င်းတို့အနက် ဥပဒေမူကြမ်း (၆၀၀၀) ကို ဥပဒေအဖြစ် ပြဌာန်းခဲ့ပါသည်။ Bundestag သည် အခြားသော ပါလီမန် ဒီမိုကရေစီ နိုင်ငံများကဲ့သို့ပင် ဗဟိုအစိုးရမှ တင်သွင်းသည့် ဥပဒေမူကြမ်းများကို ဥပဒေအဖြစ် ပြဌာန်းပိုင်ခွင့်ရှိပါသည်။ Bundestag ၏ ပါလီမန်ကော်မတီမှ အဆိုပါ ဥပဒေမူကြမ်းအား အသေးစိတ် လေ့လာ သုံးသပ်ညှိနှိုင်း ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ပါသည်။[42]

၄၀။ အခြေခံအားဖြင့် အောက်လွှတ်တော်ဥက္ကဋ္ဌကို လွှတ်တော်အစည်းအဝေး ကျင်းပသည့် ပထမဆုံးနေ့တွင် အကြီးဆုံးပါလီမန်ဆိုင်ရာအဖွဲ့မှ ရွေးချယ်သည်။ ထုံးစံအားဖြင့် အခြားသော ပါလီမန်ဆိုင်ရာအဖွဲ့များမှ အဖွဲ့ဝင်များကလည်း အောက်လွှတ်တော်ဥက္ကဋ္ဌကို လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်သည်။[43] အောက်လွှတ်တော်ဥက္ကဋ္ဌသည် အောက်လွှတ်တော်ကို တာဝန်ခံရပြီး အောက်လွှတ်တော်ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရသည်။[44] ယခုအောက်လွှတ်တော် ဥက္ကဋ္ဌမှ H.E Professor Norbert Lammert ဖြစ်ပါသည်။ လက်ရှိအောက်လွှတ်တော်တွင် overhang jeats and balance seats စနစ်များကြောင့် ကိုယ်စားလှယ်ပေါင်း ၆၃၀ ဦးရှိပါသည်။ တစ်နှစ်လျှင် အစည်းအဝေးအကြိမ် ၅၀ ခန့် ကျင်းပသည်။

## ဂျာမနီအထက်လွှတ်တော်

၄၁။ ဂျာမနီအထက်လွှတ်တော် (Bundesrat) သည် ဂျာမနီပြည်နယ်အားလုံးကို ကိုယ်စားပြု၍ ပြည်နယ်အစိုးရများမှ ကိုယ်စားလှယ်များဖြင့် သီးသန့်ဖွဲ့စည်းထားပြီး၊ အဆိုပါပြည်နယ်များ၏ လူဦးရေအလိုက်မဲများကိုရေတွက်သည့်စနစ် ကျင့်သုံးပါသည်။ ပြည်နယ်တစ်ခုစီသည် မဲအရေအတွက် (၃) ခုစီ အနည်းဆုံးရရှိပြီး၊ လူဦးရေများပြားသည့် ပြည်နယ်များသည် မဲအရေအတွက် (၆) ခုစီ

[42] Facts About Germany, The Federal President, available from; http://www.tatsachen-ueber-deutschland.de/en/political-system/main-content-04/the-federal-president.html (viewed 4th November 2015)

[43] Election of the Presidium, available from; https://www.bundestag.de/ htdocs_e/bundestag/ presidium/ election_neu (viewed 6th November 2015)

[44] Functions and duties of the President and Presidium of the German Bundestag, available from; http://www.bundestag.de/htdocs_e/bundestag/presidium/function_neu/function/245730 (viewed 6th November 2015)

ရရှိပါသည်။ အထက်လွှတ်တော်သည် ပြည်နယ်ဥပဒေများကို မူကြမ်းတင်သွင်းရာတွင် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်ပြီး၊ အခြားသောနိုင်ငံများ၏ အထက်လွှတ်တော်များနှင့် ကွာခြားပါသည်။ ဂျာမန်အခြေခံဥပဒေသည် အထက်လွှတ်တော် အခန်းကဏ္ဍကို သတ်မှတ်ရာတွင် ပြည်နယ်များတွင် အုပ်ချုပ်ရေးဆိုင်ရာ ကုန်ကျစရိတ်များ ပိုမိုလာပါက အဆိုပါဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ရန် အထက်လွှတ်တော်သို့ တင်သွင်းရပါသည်။ လက်ရှိတွင် ဥပဒေမူကြမ်းစုစုပေါင်း၏ ၅၀% ကျော်သည် အထက်လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရပါသည်။ ပြည်နယ်များတွင် အရေးကြီးသည့် ဥပဒေများအား ပြည်နယ်အစိုးရများ၏ အုပ်ချုပ်မှုအာဏာပိုင်များမှပြဋ္ဌာန်း ဆောင်ရွက်ပါသည်။ အထက်လွှတ်တော်သည် အယူခံဥပဒေများအား ပယ်ချပိုင်ခွင့်ရှိသော်လည်း၊ အောက်လွှတ်တော်မှ ၎င်း၏ မဲအများစုဖြင့် အဆိုပါပယ်ချပိုင်ခွင့်အားပြန်လည်ရုပ်သိမ်းနိုင်ပါသည်။[45]

၄၂။ အထက်လွှတ်တော် ဥပဒေပြုအဖွဲ့အစည်း (Presidium) ကို အထက်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးဖြင့် ဖွဲ့စည်းသည်။ ဥက္ကဋ္ဌကို နှစ်စဉ် နိုဝင်ဘာလ ၁ ရက်နေ့တိုင်းတွင် ဝန်ကြီးအဆင့်ရှိသူများအနက်မှ ရွေးချယ်သည်။ အထက်လွှတ်တော်ကို ကိုယ်စားလှယ်ပေါင်း ၆၉ ဦးဖြင့် ဖွဲ့စည်းထားပြီး ပြည်နယ် အစိုးရက Bundesrat အဖွဲ့ဝင်ကိုယ်စားလှယ်များကို ၎င်းတို့အစိုးရအဖွဲ့ဝင်များအနက်မှ ရွေးချယ်တင်မြှောက်သည်။ Bundesrat ကိုယ်စားလှယ်များသည် တိုက်ရိုက်ရွေးချယ်တင်မြှောက်ခံရသူများ မဟုတ်ပေ။ [46]

## အခန်း (၁၀)
## ဥပဒေပြုလုပ်ငန်းစဉ်အဆင့်ဆင့်

၄၃။ ဂျာမန်အောက်လွှတ်တော် (German Bundestag) ကိုယ်စားလှယ်များသည် ဥပဒေကြမ်းများကို တင်သွင်းပိုင်ခွင့်ရှိသည်။ ဗဟိုအစိုးရ (Federal Government) နှင့် အထက်လွှတ်တော် (Bundesrat) မှလည်း အောက်လွှတ်တော်တွင် ဥပဒေကြမ်း တင်သွင်းပိုင်ခွင့်ရှိသည်။ အများအားဖြင့် ဆွေးနွေးသည့် ဥပဒေကြမ်းများနှင့် အကြောင်းအရာများကို ပြည်ထောင်စုအစိုးရမှ ရေးဆွဲသည်။ ပြည်ထောင်စုအစိုးရမှ တင်သွင်းသည့် ဥပဒေကြမ်းမှာ ၈၅ ရာခိုင်နှုန်းရှိပြီး အထက်လွှတ်တော်မှ တင်သွင်းသည့် ဥပဒေကြမ်းမှာ ၁၅ ရာခိုင်နှုန်းသာရှိပါသည်။

[45] Facts About Germany, The Federal President, available from; http://www.tatsachen-ueber-deutschland.de/en/political-system/main-content-04/the-federal-president.html (viewed 4th November 2015)
[46] The President and Presidium, available from; http://www.bundesrat.de/EN/organisation-en/praesident-en/praesident-en-inhalt.html (viewed 6th November 2015)

# ဥပဒေပြုရေးလုပ်ငန်းစဉ်



၄၄။ အထက်လွှတ်တော်နှင့် အောက်လွှတ်တော် နှစ်ရပ်စလုံးသည် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး (Federal Constitutional Court-Supreme Court) အဖွဲ့ဝင် ထက်ဝက်စီအား ရွေးကောက်တင်မြှောက်ပါသည်။ အဆိုပါ ရွေးကောက်ပွဲများအတွက် ထောက်ခံမှု သုံးပုံနှစ်ပုံရရှိရန် လိုအပ်ပါသည်။ အထက်လွှတ်တော် (Bundesrat) သည် ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမတိုင်မီ တိုင်ကြားချက်များနှင့် ကိစ္စရပ်များအား စစ်မေးပိုင်ခွင့်ရှိပါသည်။ အထက်လွှတ်တော်သည် ပြည်သူ့ရုံးများအတွက် ကိုယ်စားလှယ်များ၊ ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် အခြားခုံရုံးများအတွက် တရားရုံးရှေ့နေများ ခန့်အပ်ခွင့်ရှိပါသည်။ ဘဏ္ဍာရေးဝန်ကြီးသည် လွှတ်တော်နှစ်ရပ်လုံးအတွက် တစ်နှစ်စာ ဘဏ္ဍာငွေနှင့် အသုံးစရိတ်တင်ပြရပါသည်။

## သတိပြုရန် အချက်များ

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကိုဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီနောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာ အကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များ လိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုဌာနသည် စာတမ်းတို့များတွင်ပါဝင်သော အကြောင်းအရာများအား လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့်သာ မျှဝေဆွေးနွေးမည် ဖြစ်ပါသည်။ အများပြည်သူနှင့် မျှဝေရန်မဟုတ်ပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန် (သို့မဟုတ်) သုတေသနနှင့်စာကြည့်တိုက်ဌာနအားလာရောက်လေ့လာရန် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည် -

သုတေသနနှင့်စာကြည့်တိုက်ဌာန -

ဇမ္ဗူသီရိဆောင် - ပထမထပ်

တယ်လီဖုန်း - ၀၆၇-၅၉၁၂၇၆

၀၆၇-၅၉၁၄၁၇

Research Dept; Email - research.pds@gmail.com